မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

May 26, 2026 Volume 102 , Number 17

**၂၆. ၅ .၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၉၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၉.၄၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၃.၈၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၉ ကျပ် |

## ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲများ ဈေးကျဆင်းနေရ လှောင်လက်သမားများ အဝယ်ကောင်းနေ



ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲများဈေးကျဆင်းနေရာ လှောင်လက်သမားများ အဝယ်ကောင်းနေကြောင်း သိရသည်။

မေလအတွင်း ပဲ၊ နှမ်းဈေးကွက်ကျဆင်းနေရာပို့ကုန်ပဲများဖြစ်သည့် ပဲတီစိမ်းမှာ သိသိသာသာ ကျဆင်းသွားခြင်း ဖြစ်သည်။

ပို့ကုန်ပဲများတွင်ပဲတီစိမ်းဈေးကွက်မှာတစ်အိတ်လျှင် ငွေကျပ် သုံးသိန်းအောက်ထိကျဆင်းသွားပြီး ဈေးပြန်မြင့်တက်လာကြောင်း၊ မြေပဲဆန်များမှာဈေးကွက်အတွင်းအဝင်ဆက်လက်များနေခြင်းကြောင့် တစ်ပိဿာ ငွေကျပ် ၁၀၀၀ ခန့် ဈေးကျဆင်းသွားကြောင်း၊ နှမ်းမျိုးစုံနှင့် ကုလားပဲများမှာ ပုံမှန်သာ အရောင်းအဝယ်ရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင်က ပြောသည်။

"အညာမြေပဲဆန်တွေ ဆက်တိုက်အဝင်ကောင်းနေတော့ မြေပဲဆန်တစ်အိတ် ငွေကျပ် ၅၀,၀၀၀ ခန့်ထိ ကျဆင်းသွားပါ တယ်၊ အညာပဲတီစိမ်းတစ်အိတ် သုံးသိန်းအောက်ထိကျဆင်းသွားတာကနေ ဈေးအကျရပ်သွားပြီး မေ ၂၂ ရက်မှာ တစ်အိတ် သုံးသိန်းကျော် ပြန်တက်လာပါတယ်၊ ပဲတီစိမ်းဈေးကျတော့ လှောင်သမားတွေ အဝယ်ကောင်းနေတယ်၊ အခြားပြည်တွင်းသုံး ကုလားပဲအုပ်စုနဲ့ပဲမာလိုင်းများမှာ ဈေးပုံမှန်ဈေးသာ ပေါက်ဈေးရှိနေပါတယ်"ဟု ၎င်း က ပြောသည်။

မေ ၂၄ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၂,၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၂,၀၀၀၊

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေ ကျပ် ၃၂၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ အနည်းငယ်အတက်၊အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၈,၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၃,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၈,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ မေ၂၄ ရက်တွင် ပဲကြီးတစ်အိတ်လျှင်ငွေကျပ် ၅၇၀,၀၀၀၊ကျွန်းစားတော်ပဲ(အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၁၀,၀၀၀၊ ပဲနီပြား(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၁၀,၀၀၀၊ ပဲထောပတ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀,၀၀၊ ပဲဇီးကွက်တစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ မေ ၂၄ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၁,၃၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးကျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၈-၅-၂၀၂၆ မှ ၂၂-၅-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၅၉,၀၀၀၊ မတ်ပဲ SQ/ RC (2026 Crop) ကျပ် ၃,၃၇၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၁၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၃,၀၀၀ မတ်ပဲ SQ/RC (2026 Crop)မှာ ကျပ် ၃,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၈,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) နှင့် ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ငရုတ်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၃,၀၀၀၊ မြားနီ(သစ်) ကျပ် ၁၅,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၂,၀၀၀ ၊ဟသ်ာတ မိုးထောင် ကျပ် ၁၂,၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၇၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆင်ဖြူကျွန်း (ပု) ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်များဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၅၃၀၀ (၁၀၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၁၀ (၄,၆၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၄၂၀၀ (၈၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၇၀ (၂,၅၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၄၀ (၂၁၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၀၀၀ နှင့် မန်ကျည်း အသား(သစ်) ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ပွင့်ကပ်(သစ်) ကျပ် ၂၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၃၀၀ ဈေးကျဆင်းခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၄၃၀၀၊ ညောင်ဦးဆေးရုယ်(ထန်း) ကျပ် ၆၂၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၄၅၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၂၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၈-၅-၂၀၂၆ မှ ၂၂-၅-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရုယ် ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀ ၊ မုံရွာသစ်ရုယ် ကျပ် ၂၃၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၃၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရုယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀၊ မုံရွာသစ်ရုယ် ကျပ် ၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး မုံရွာလတ်သန့်မှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၄ စီး (၅၀၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၀ စီး (၅၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆ စီး (၃၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရုယ်) ကျပ် ၁၉,၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရုယ်) ကျပ် ၅၀၀ အောင်ပန်းထူး -၂ ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀ ၊အောင်ပန်းထူး-၄ ကျပ် ၅၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း ထူး-၅ မှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ်ရေ ၃၇၅၀ (၁၁၂,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၅၀၀ (၇၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၂၅၀ (၃၇,၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၈၀၀၊ အောင်ပန်း OK ကျပ် ၂၄၀၀၊ အောင်ပန်း S1 ကျပ် ၂၄၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၁၀၀

အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 မှာ ဈေးငြိမ်လျက်ရှိပြီး အောင်ပန်း OK ကျပ် ၁၀၀၊ အောင်ပန်း S1 ကျပ် ၁၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၃၇ စီး (၂၂၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၄၈ စီး ( ၂၈၈,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၁ စီး (၆၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဧည့်မထဆန်(မနောသုခ)သစ်၊ ဆန်ကွဲ B(1,2)/B(2,3,4)နှင့် ဖွဲနုတို့ဈေးတက်ပြီး ဧည့်မထဆန်(မနောသုခ)ဟောင်း၊ ပေါ်ဆန်းမွှေး(ဟောင်း)နှင့်(သစ်)ဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါးလက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၂၅.၅.၂၀၂၆ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ်၇၅,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၁၈.၅.၂၀၂၆ ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၅,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)သစ် တစ်အိတ် ၁၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၅၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၅၀၀၀ ကျပ်၊ ဖွဲနု တစ်အိတ် ၆၀၀ ကျပ်တို့ဈေးတက်ပြီး ဧည့်မထဆန်(မနောသုခ) ဟောင်း၊ ပေါ်ဆန်းမွှေး(ဟောင်း)နှင့်(သစ်)တို့မှာ ဈေးငြိမ်လျက်ရှိသည်။

ဧည့်မထဆန်(မနောသုခ)သစ်၊ ဆန်ကွဲB(1,2)/B(2,3,4)နှင့် ဖွဲနုတို့ ဈေးတက်ရခြင်းမှာ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

**Source :** ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## မြေပဲဆန်ကို ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားရန် အရည်အသွေးအတန်းအစား (၃)မျိုးခွဲခြား သတ်မှတ်



မြေပဲဆန်ကို ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားရန် အရည်အသွေးအတန်းအစား ၃ မျိုးခွဲခြားကာ သတ်မှတ်လိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနကအသိပေးထုတ်ပြန်ထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဈေးကွက်အတွင်း မြေပဲဆန်ရောင်းဝယ်ဖောက်ကားရာတွင် အရည်အသွေး တစ်သမတ်တည်း ဖြစ်စေရန်

အတွက်ထုတ်ပြန်ခြင်းဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် မြေပဲဆန်ကို အထူးအတန်းအစား၊ ပထမအတန်းအစား၊ ဒုတိယအတန်းအစားဟူ၍ သုံးမျိုးသတ်မှတ်ကာ အထူးအတန်းအစား မြေပဲဆန်သည် ပထမအတန်းအစားနှင့် ဒုတိယအတန်းအစား မြေပဲဆန်တို့ထက်ပို၍ အရည်အသွေးကောင်းမွန်ရမည်ဖြစ်၍ ယင်းအတန်းအစား ၁၀၀ ဂရမ်တွင် အပြစ်အနာအဆာ ပါဝင်နိုင်မှုရာခိုင်နှုန်းကို အချက် ၉ ချက်ဖြင့် ထည့်သွင်းသတ်မှတ်ထားကြောင်း ထုတ်ပြန်ချက်အရသိရသည်။

ပထမအတန်းအစားမြေပဲဆန်သည် ဒုတိယအတန်းအစား မြေပဲဆန်ထက် ကောင်းမွန်သော အရည်အသွေးရှိရမည် ဖြစ်ပြီး ပထမအတန်းအစား မြေပဲဆန် ၁၀၀ ဂရမ်တွင် အပြစ်အနာအဆာပါဝင်နိုင်မှု ရာခိုင်နှုန်းကို အချက် ၉ ချက်ဖြင့် ထည့်သွင်းသတ်မှတ်ထားကြောင်းထုတ်ပြန်ထားသည်။

ဒုတိယအတန်းအစားမြေပဲဆန်သည် ကောင်းမွန်သော အရည်အသွေးရှိရမည်ဖြစ်၍ ၁၀၀ ဂရမ်တွင် အပြစ်အနာအဆာ ပါဝင်နိုင်မှုရာခိုင်နှုန်းကိုလည်းအချက်၉ ချက် ထည့်သွင်းသတ်မှတ်ထားကြောင်း ဖော်ပြထားသည်။

ထို့ပြင်မြေပဲဆန်သည် နိုင်ငံတကာအစားအသောက်စံချိန်စံညွှန်းကော်မရှင်(CODEX Alimentarius commission)ကဖြစ်စေ၊အာဆီယံက တစ်ပြေးညီသတ်မှတ်ထားသည့် ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံးပါဝင်မှုကန့်သတ်ချက်များ (ASEAN Harmonized MRLs for Pesticides) ကဖြစ်စေ (သို့မဟုတ်) နှစ်ဖွဲ့လုံးကဖြစ်စေ၊ သက်ဆိုင်ရာ နိုင်ငံကဖြစ်စေ သတ်မှတ်ထားသော ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံးပါဝင်မှု ကန့်သတ်ချက်နှင့်အညီဖြစ်ရမည် ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

Source : https://www.npnewsmm.com/

## ဂျပန်နိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွင်း တစ်ဦးခြင်းဆန်စားသုံးမှုသည်၇ နှစ်တာကာလအတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့

ဂျပန်နိုင်ငံရှိ စားသုံးသူများ၏ ဆန်စားသုံးမှုသည် ၂၀၂၅ ခုနှစ်အတွင်း ၆ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အတွက် ၇ နှစ်တာကာလအတွင်း အနိမ့်ဆုံးနှုန်းသို့ရောက်ရှိခဲ့ကြောင်း The Japan Times သတင်းဌာန၏ အွန်လိုင်းသတင်းတွင် "Japan's rice consumption per person drops 6 % to 7-year low in FY2025" ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ပြီးခဲ့သည့်နှစ်များအတွင်း ဆန်ဝယ်ယူရရှိမှု ပြတ်လပ်ခဲ့သည့်အတွက် ဆန်ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ပြီးနောက်ပိုင်းတွင် ဂျပန်နိုင်ငံရှိ စားသုံးသူများသည် ဆန်ကို အဓိက အစားအစာအဖြစ် စားသုံးခြင်းမှ ရှောင်လွှဲလာကြကြောင်း၊ ၂၀၂၆ ခုနှစ်မတ်လတွင် ပြီးဆုံးခဲ့သည့် ဂျပန်နိုင်ငံ၏ ၂၀၂၅ ဘဏ္ဍာနှစ်အတွင်းတွင် စားသုံးသူတစ်ဦးလျှင် လစဉ်ပျမ်းမျှ ဆန်စားသုံးမှုသည် ၄၄၃၅ ဂရမ်သို့ရောက်ရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကထက် ၆ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းကာ ၇ နှစ်တာ ကာလအတွင်း အနိမ့်ဆုံးနှုန်းဖြစ်လာခဲ့ကြောင်း၊ အဆိုပါနှုန်းသည် စားသုံးသူတစ်ဦးလျှင် ၄၄၂၆ ဂရမ်သာစားသုံးခြင်းကြောင့် အနိမ့်ဆုံးနှုန်းအဖြစ် မှတ်တမ်းဝင်ခဲ့သည့် ၂၀၁၈ ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် အနိမ့်ဆုံးဖြစ်လာခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တစ်ဦးချင်းဆန်ပျမ်းမျှစားသုံးသည့်နှုန်း ၄၇၂၂ ဂရမ်ရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်အတွင်း ကျဆင်းသွားသော စားသုံးမှုပမာဏသည် ထမင်းပန်းကန်လုံး ၄ ဒသမ ၄ လုံးစာနှင့်ညီမျှကြောင်း၊ ဂျပန်နိုင်ငံရှိ အိမ်ထောင်စုများ အနက် ၆၆ ရာခိုင်နှုန်းသည်ဆန်စားသုံးမှု၂၉၂၉ ဂရမ်သာစားသုံးခဲ့သည့်အတွက် စားသုံးမှု ၈ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ လတ်တလောလေ့လာဆန်းစစ်မှုများအရ လွန်ခဲ့သည့်ဆယ်စုနှစ်ကတည်းက စတင်ခဲ့သည့် ဆန်စားသုံးသည့်နှုန်းကျဆင်းခြင်းသည် အဆုံးသတ်မည့် လက္ခဏာမရှိသေးကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် နွေရာသီဝန်းကျင်တွင် အပူရှိန်ပြင်းထန်မှုကြောင့် ယခင်စပါးစိုက်ရာသီတွင် စိုက်ပျိုးခဲ့သည့် ဆန်စပါးထွက်ရှိမှုလျော့နည်းခဲ့သည့် အတွက် ဆန်ဈေးနှုန်းများစတင်မြင့်တက်ခဲ့ကြောင်း၊ ယခင်က ဆန်ဈေးနှုန်းသည် ၅ ကီလိုဂရမ်လျှင် ယန်း ၂,၀၀၀ ပတ်ဝန်းကျင်သာရှိခဲ့သော်လည်း ဆန်ရရှိမှုပြတ်လပ်ပြီးနောက်ပိုင်းတွင် ပျမ်းမျှဈေးနှုန်း ယန်း ၄၀၀၀ ကျော်အထိ တရိုန်

ထိုးမြင့်တက်ခဲ့ကြောင်း၊ ထိုသို့ ဆန်စျေးနှုန်းများအဆမတန်မြင့်တက်လာမှုကြောင့် စားသုံးသူများသည် ခေါက်ဆွဲ၊ ပါစတာ (Pasta)နှင့် ပေါင်မုန့်ကဲ့သို့သော ဆန်အစားထိုးအစားအစာများကို ပြောင်းလဲစားသုံးလာကြကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်တွင် ဆန်ထုတ်လုပ်မှုတိုးတက်လာခဲ့ခြင်းကြောင့်ဆန်စျေးနှုန်းများပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ကောက်ရိတ်သိမ်းပြီး၍ ကုန်စည်များစျေးကွက်ထဲသို့ ရောက်ရှိလာချိန်တွင် စျေးနှုန်းများပိုမိုကျဆင်းလာရန် မျှော်မှန်းထားကြောင်း၊ အခြားအစားအသောက်ပစ္စည်းများ၏ စျေးနှုန်းများသည်လည်း မြင့်တက်လျက်ရှိသည့်အတွက် စားသုံးသူများ၏ ဆန်ဝယ်ယူမှုသည် ပြန်လည်မြင့်တက်လာမည်ကို ခန့်မှန်းရန်ခက်ခဲလျက်ရှိကြောင်း ဆန်လက်ကားရောင်းဝယ်သူများက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

**Source: https://japantoday.com/category/national/japan's-rice-consumption-per-person-drops-6-to-7-year-low-in-fy-2025**

**(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## အနောက်ဘင်္ဂလားတွင် အကြီးစားစက်မှုလုပ်ငန်းများထွန်းကားစေရေး မြေယာမူဝါဒအသစ် ချမှတ်ရန်နှင့် နိုင်ငံရေးစွက်ဖက်မှုများ အဆုံးသတ်ရန် BJP ဥက္ကဋ္ဌ ကတိပြု

အနောက်ဘင်္ဂလားပြည်နယ်တွင် အကြီးစားစက်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စွာဖော်ဆောင်နိုင်ရေးအတွက် မြေယာမူဝါဒအသစ်တစ်ရပ်ချမှတ်ရန်လိုအပ်ကြောင်း အနောက်ဘင်္ဂလားပြည်နယ် BJP ပါတီဥက္ကဋ္ဌ ဆာမစ်ဘာတာချာဂျာ(Samik Bhattacharya)က တိုက်တွန်းပြောကြားလိုက်ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း စီးပွားရေးလုပ်ကိုင်ရန် ကောင်းမွန်သောပတ်ဝန်းကျင်ကောင်းတစ်ခုကို ရရှိစေမည်ဟု ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

အနောက်ဘင်္ဂလားပြည်နယ်တွင် BJP ပါတီအာဏာရရှိလာပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကုန်သည်စက်မှု အသင်းသားများနှင့်တွေ့ဆုံရာတွင် "မြို့ပြမြေယာပိုင်ဆိုင်မှုကန့်သတ်ချက်ဥပဒေ"(Urban Land Ceiling Act)ကို ဖျက်သိမ်းနိုင်ခြေနှင့် စက်မှုလုပ်ငန်းရှင်များနှင့် ကော်ပိုရိတ်ကုမ္ပဏီကြီးများ၏ အဓိကတောင်းဆိုချက်ဖြစ်သော "စာချုပ်စနစ်သုံးစိုက်ပျိုးရေး" (Contract Farming)ကို စတင်အကောင်အထည်ဖော်မည်ဟု ပါတီဥက္ကဋ္ဌမှ ပြောကြားခဲ့ကြောင်း သိရသည်။

ပညာရေးကဏ္ဍမှစီးပွားရေးကဏ္ဍအထိ နယ်ပယ်အသီးသီးတွင် ပါတီမှ ကြားဝင် စွက်ဖက်ခြင်းပြုလုပ်မည်မဟုတ်ကြောင်းနှင့် ယခုအဆိုပြုထားသည့် မြေယာမူဝါဒအသစ်သည် ဟာရီယာနာ(Haryana)နှင့် မဟာရာရှ်ထရာ (Maharashtra) ကဲ့သို့သောပြည်နယ်များ၏အောင်မြင်သောစီးပွားရေးမူဝါဒပုံစံများကိုနမူနာယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

လက်ရှိအချိန်တွင် အနောက်ဘင်္ဂလားပြည်နယ်တွင် စာချုပ်စနစ်သုံးစိုက်ပျိုးရေးစနစ်ကို ခွင့်ပြုထားခြင်းမရှိသေးသော်လည်း မူဝါဒအသစ်ပြောင်းလဲမည့် ခြေလှမ်းသစ်သည် စိုက်ပျိုးရေးနှင့် စားသောက်ကုန်ကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းကြီးများကို လာရောက်ရင်းနှီးမြှုပ်နှံ ရန်ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ထားကြကြောင်း သိရသည်။

ပြည်နယ်အတွင်း အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များနှင့်ရင်းနှီးမြှုပ်နှံမှုအရင်းအနှီးများ အလုံအလောက်ရှိသော်လည်း၊ စက်မှုထွန်းကားရေးအတွက် မှန်ကန်သည့်အတွေးအခေါ်နှင့် ပတ်ဝန်းကျင်ကောင်းကို မဖန်တီးနိုင်ခဲ့ခြင်းကြောင့် စက်မှုလုပ်ငန်းများဝင်ရောက်လာမှုအားနည်းခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ ထို့ကြောင့် အစိုးရသစ်အနေဖြင့် အနောက်ဘင်္ဂလားသို့ ရင်းနှီးမြှုပ်နှံမှုများပြန်လည်စီးဆင်းလာစေရန်အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းကို ဦးစားပေးဖန်တီးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source: PSUWatch : Bengal BJP Chief advocates new land policy for large-scale industrialization**

**(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (26.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th May, 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,658 (Shares) | 69,182,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,500 | +500 | +3.13% | 16,000 | 16,500 | 16,000 | 894 | 14,537,500 | 33,109,694 | 546,310 |
| MTSH | 00002 | 7,500 | +400 | +5.63% | 7,200 | 7,500 | 7,100 | 2,688 | 19,305,400 | 38,929,150 | 291,969 |
| MCB | 00003 | 10,000 | +200 | +2.04% | 9,800 | 10,000 | 9,800 | 439 | 4,327,300 | 10,400,986 | 104,010 |
| FPB | 00004 | 5,100 | +100 | +2.00% | 5,000 | 5,100 | 5,000 | 3,595 | 18,054,500 | 31,144,738 | 158,838 |
| TMH | 00005 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 42 | 138,600 | 12,823,224 | 42,317 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 5,182 | 9,068,500 | 19,977,223 | 34,960 |
| AMATA | 00007 | 3,900 | -50 | -1.27% | 3,950 | 3,950 | 3,900 | 18 | 70,600 | 10,497,598 | 40,941 |
| MAEX | 00008 | 4,600 | +100 | +2.22% | 4,600 | 4,600 | 4,600 | 800 | 3,680,000 | 23,804,946 | 109,503 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 26th May, 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 700.55 | +20.66 | +3.04% | 683.20 | 700.55 | 682.79 | 13,658 | 69,182,400 | 8 | 1,328,848 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th May, 2026

| Trading Volume | Trading Value |
|---|---|
| 14,564 (Shares) | 84,018,400 (MMK) |

## Main Board

As of 1:00 pm, 26th May, 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,658 (Shares) | 69,182,400 (MMK) |

| MYANPIX | 700.55 ▲ 20.66 |
|---|---|
| Total Volume (shares) | 13,658 |
| Total Value (MMK) | 69 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,328,848 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,500 | ▲ 500 |
| MTSH | 00002 | 7,500 | ▲ 400 |
| MCB | 00003 | 10,000 | ▲ 200 |
| FPB | 00004 | 5,100 | ▲ 100 |
| TMH | 00005 | 3,300 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,900 | ▼ 50 |
| MAEX | 00008 | 4,600 | ▲ 100 |